mgyoe.com




# ဆူးလေဘားခန်းထဲကမှော်ဆရာ

mgyoe.com

စိုင်းဝင်းမြင့်စီစဉ်သည်။

9 789997 118172

mgyoe.com



ISBN9789997118172
POEM70
9 789997 118172
1,500.00KS

mgyoe.com

ဆူးလေဘ၊အခန်းထဲက မော်ဆရာ၊ နေထက်နိုင်
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၆၈ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဆူးလေဘားခန်းထဲက မှော်ဆရာ

နေထက်နိုင်

(ကဗျာများ)

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


❋ အမှာစာ .......... က

၁။ ခရမ်းရောင်ပန်းပွင့်များ .......... ၁

၂။ ကိုဆန်းမြင့် .......... ၂

၃။ ကိုလန်ဘတ်စ် ဂျင်းဂျာကင် .......... ၄

၄။ ငါ ဒီလိုတွေးမိရဲ့ .......... ၆

၅။ ငါ့ကဗျာ .......... ၇

၆။ ငါ ပြောတယ် .......... ၈

၇။ ဒီနေ့ဟာ မနေ့က အတိုင်းသာ .......... ၁၀

၈။ ငါကိုယ်တိုင်တူးဖော်ခဲ့တဲ့ည .......... ၁၁

၉။ ငါ့ ကဗျာ ဒီမှာဆုံးတယ် .......... ၁၂

၁၀။ ငါတွေ့လိုက်တဲ့ ဆောင်း .......... ၁၃

၁၁။ ငါရင်ဘတ်ပေါ်ဖိတ်ကျနေတဲ့လရောင်တွေ .......... ၁၄

၁၂။ ငါမဟုတ် .......... ၁၆

၁၃။ ပင်လယ်လှိုင်းတွေ သယ်လာတဲ့သတင်း .......... ၁၇

၁၄။ ဒီမြို့ .......... ၁၈


mgyoe.com

mgyoe.com

၁၅။ ဒီကဗျာမှာ ငါ ဘာမှ အများကြီး မပြောဘူး . . . . . . . . . . . ၁၉
၁၆။ စိတ်ငါးတွေ . . . . . . . . . . ၂၁
၁၇။ စိတ်ကူး မိုးတိမ် . . . . . . . . . . ၂၂
၁၈။ စံပယ်နံ့တွေ လုယူသွားတဲ့ လေ ကြားရဲ့လား . . . . . . . . . . ၂၃
၁၉။ ငှက်များ . . . . . . . . . . ၂၄
၂၀။ မာယာညနေ . . . . . . . . . . ၂၅
၂၁။ မှုန်မှိုင်းတဲ့ နေ့ . . . . . . . . . . ၂၆
၂၂။ ဘာမှ မဟုတ်တာကို ချရေးလိုက်တယ် . . . . . . . . . . ၂၇
၂၃။ ဘယ်မှာလဲဆောင်း . . . . . . . . . . ၂၉
၂၄။ ပွင့်လို့ ဖူးလို့ . . . . . . . . . . ၃၀
၂၅။ ပန်းနုရောင် နေ့လယ်ခင်း . . . . . . . . . . ၃၁
၂၆။ မမြဲဘူး . . . . . . . . . . ၃၂
၂၇။ ရန်ကုန် . . . . . . . . . . ၃၃
၂၈။ မြစ်ကပြောတဲ့ ဇာတ်ကြောင်း . . . . . . . . . . ၃၄
၂၉။ ပြတင်းပေါက်တွေ ဖွင့်ထားမိတဲ့ ည . . . . . . . . . . ၃၅
၃၀။ မိုးရေချိုးတဲ့ နိဝင်ဘာ . . . . . . . . . . ၃၆
၃၁။ မိုးတဖြောက်ဖြောက် . . . . . . . . . . ၃၇
၃၂။ မာပါစေ . . . . . . . . . . ၃၈
၃၃။ ရှားလော့ဟုမ်း ဖလက်ကက်နဲ့လူတစ်ယောက် . . . . . . . . . . ၃၉
၃၄။ အိပ်ရာ စောစောနိုးထခြင်း . . . . . . . . . . ၄၀
၃၅။ အသက်အိုးအိမ်နှင့် ကစားပွဲ . . . . . . . . . . ၄၁
၃၆။ အထီးကျန်ညနေ . . . . . . . . . . ၄၂
၃၇။ ဆူးလေဘားခန်းထဲက မှော်ဆရာ . . . . . . . . . . ၄၃
၃၈။ အချိန် . . . . . . . . . . ၄၄
၃၉။ အခွံ . . . . . . . . . . ၄၅
၄၀။ သာသာယာယာ တေးသီတတ်နေတဲ့ ငှက်ကလေးသို့ . . . . . . . ၄၆
၄၁။ လွမ်းရိပ်တွေ မှောင်ရီ တောင်ဖီလာဆီ . . . . . . . . . . ၄၇

mgyoe.com

mgyoe.com

၄၂။ လပြည့်ညကို ငါ ငေးမိတယ် . . . . . . . . . . . ၄၉
၄၃။ လမ်းမထက် . . . . . . . . . . . ၅၀
၄၄။ ကောင်မလေးရေ . . . . . . . . . . . ၅၁
၄၅။ နွေဇာတ် . . . . . . . . . . . ၅၂
၄၆။ လောကကြီးကို ရှာတွေ့ခြင်း . . . . . . . . . . . ၅၄
၄၇။ ရေတံခွန် . . . . . . . . . . . ၅၅
၄၈။ မေ့လျော့ခြင်းတွေ . . . . . . . . . . . ၅၆
၄၉။ ပျော်ရွှင်ပါစေ . . . . . . . . . . . ၅၈
၅၀။ နောက်ပြန်ကြည့် အမုန်းမီး မပွားနဲ့ . . . . . . . . . . . ၅၉
၅၁။ ဆောင်းည . . . . . . . . . . . ၆၀
၅၂။ ဈေးထဲက အသံတွေ . . . . . . . . . . . ၆၂
၅၃။ ငေးလို့ . . . . . . . . . . . ၆၄
၅၄။ နိဝင်ဘာ . . . . . . . . . . . ၆၆
၅၅။ အလွမ်း . . . . . . . . . . . ၆၇
၅၆။ ပိုကောင်းတဲ့ အနာဂတ်တွေ ဘယ်မှာလဲ . . . . . . . . . . . ၆၈

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## အမှာစာ

ငြိမ်ဝပ်ပိပြားရေးတွေ သည်းထန်တဲ့ကာလ တနည်း အမှောင်ခေတ် စစ်အာဏာရှင် ခေတ်ကြီးထဲမှာ ကလောင် ၁၀ စုနှစ်တစ်ခုကျော် ပိတ်လိုက်တဲ့ ကဗျာဆရာ အနည်းစုထဲမှာ ကျနော်လည်းပါခဲ့တယ်။ အဲဒီကာလက ကလောင်နာမည် ပြောင်းပြောင်းရေးခဲ့ကြရတယ်။ နေထက်နိုင်ကနေ လှိုင်နိုး၊ ဇေယျနနေ၊ နေထက်၊ မောင်နေထက်တို့ဖြစ်တယ်။ ဒီမိုကရေစီ ရောင်နီသမ်းလို့ ကဗျာစာအုပ် တွေ တစ်နှစ် ရာဂဏန်းကြီးကြီးထွက်နိုင်ပေမဲ့ ကျနော်ကဗျာတွေ စာအုပ်အဖြစ် ထွက်မလာနိုင်ခဲ့ဘူး။ တစ် ကဗျာတွေ စုစုစည်းစည်း မရှိတာကြောင့်ပါ။ နိမိတ်ပုံ အင်အားကောင်းကောင်းနဲ့ သိမ်သိမ်မွေ့မွေ့ရေးပြီး စာပေစစ်စိစ်ရေးကို ကျော်နိုင်ဖို့ ဆိုတာ သိပ်ခက်ခဲတာကို။ ကာလအားဖြင့် ၁၉၉၀ ကျော်ကာလတွေနဲ့ ၂၀၀၀ ခုနှစ်စွန်းစွန်းကာလတွေလို့ ပြောချင်ပါတယ်။

အခု ကျနော့် ပထမဆုံး ပုံနှိပ်ကဗျာစာအုပ်မှာ အဲဒီကာလ ကဗျာတွေ မပါဘူး။ အသစ်တွေချည်းပဲဖြစ်တယ်။ တနည်း နိုင်ငံရေးတွေ တတ်နိုင်သမျှ လျှော့ချရေးထားတဲ့ ကဗျာတွေပဲ။ ကဗျာမှာ နိုင်ငံရေးကင်းအောင်ရေးရတာဟာ ကျနော့်အဖို့တော့ အခက်အခဲဆုံးအလုပ်ပဲ။ ဒါကြောင့် ကျနော့်ကဗျာတွေမှာ နိုင်ငံရေးကင်းတယ်ဆိုတာ ရှာမှ ရှားပေလိမ့်မယ်။ ရှိလှ အနည်းစုမျှဖြစ်တယ်။

ဒီစာအုပ်မှာ ဆရာမောင်သာနိုး၊ မောင်သင်းခိုင်တို့ကို အမှာစာရေးခိုင်းပေမဲ့ အဆင်မပြေ အချိန်မပေးနိုင်လို့ မပါတော့ဘူး။

စာအုပ်စီစဉ်သူ နာမည်ကြီး လူငယ်ကဗျာဆရာ စိုင်းဝင်းမြင့်ကို တခုတ်တရ လေးလေးနက်နက် ကျေးဇူးတင်ကြောင်း ပြောလိုက်ပါရစေ။

၄၊ ဇူလိုင်၊

နေထက်နိုင်၊ ရန်ကုန်။



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ခရမ်းရောင်ပန်းပွင့်များ

သံသယတွေကြားက
ထီးတည်းညမှာ
သူတို့
ဂျီသြမေတြီတွေနဲ့
ကခုန်လို့။

ဟောဒီ နွေဦးထဲမှာ

အခု အဲ့ဒီခရမ်းရောင်
ပျဉ်းမပန်းပွင့်တာ လှပါတယ်။ ။

mgyoe.com

mgyoe.com


## ကိုဆန်းမြင့်

အဲဒါ လူတစ်ယောက်ပဲ
ခွေးတစ်ကောင်ကို ပိုက်ပွေ့လို့။

သူက လူတွေကို
ဒုက္ခ မပေးဘူး။

သူ စိတ်လိုလက်ရ ရှိရင်
သစ်ကိုင်းခြောက်တွေကို
ဂစ်တာလုပ် တီးတာပဲ။

သူက စပိန်ဂစ်တာ မလိုဘူး။

ဒီလောက် အေးတဲ့ အရပ်မှာ
အနွေးထည် မဝတ်ဘူး။

တကယ်လို့
ခင်ဗျား သူ့ကို အနွေးထည်ပေးလည်း
တစ်ရက် အများဆုံးဝတ်မယ်။
နောက် မဝတ်တော့ဘူး။

mgyoe.com

mgyoe.com



နွေလာလာ
မိုးလာလာ
ဆောင်းလာလာ
သူက ဘာမှမဝတ်ဘူး။

သူ့ရေချိုးကန်က
လမ်းဘေးက
မြို့ပြမြောင်းရေပဲ။

သူက သုံးရာသီ
ကျန်းမာနေသူ။

လမ်းဘေးက
ခွေးလေးကို
သူက သားသမီး အရင်းအချာပမာ
ပိုက်ပွေ့လို့။ ။

ရေနံချောင်း။
၂၅၊ ဒီဇင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# ကိုလန်ဘတ်စ် ဂျင်းဂျာကင်

ပယင်းရောင်
မဟော်ဂနီရောင် ရွှေအိုရောင်
တောတန်းဘေး ရပ်ငေး

အဝေးက အိမ်ဆီ
စေတီပုထိုးတွေ ပေါ်တဲ့ အဝေးမြေဆီ

ပုလဲဖြူရောင် နှင်းဖတ်တွေ
ကြည့်လေရာ ဝေ့ဝဲ

ပန်းပင်လေးတွေ ဟင်းလင်းရိုးတံ

ကိုလန်ဘတ်စ် ဂျင်းဂျာကင်ဝတ်
ရပ်လျက်သား
စေတီဆည်းလည်းသံ မကြားရတဲ့
ရောင်စုံ တောတန်းဘေး

mgyoe.com

mgyoe.com



သူ့စိတ် အတိတ်သက်တန့်တံတား ဘေးကနေ
သမုဒ္ဒရာ အထပ်ထပ်ဖြတ်
ရွှေရောင်မြရောင် စပါးခင်းတွေနဲ့
စေတီပုထိုးတွေ ပေါ်တဲ့ မွေးရပ်မြေဆီ ပြန်

ရေကြည်ရာ မြက်နုရာ ရှာခဲ့သူ

ဆောင်းပြေးငှက် အတောင်ပံခတ်သလို
အလွမ်းစိတ်တွေ
တအိအိ အားစိုက်ပျံလို့

ဖယောင်းတိုင်မီးရောင်
မှေးငိုက်လာတဲ့
ညစာစားပွဲပေါ်က ပီဇာ ဝိုင်နီနဲ့ ဒိန်ခဲတွေ
အထီးကျန် အေးစက်

အမှောင်နံ့ရံတွေ လဲပြိုလာပြီ
နင့်မြေဆီ
နင်ပြန်ချင်ပြန်ခဲ့လေ။ ။
၁၃၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# ငါ ဒီလိုတွေးမိရဲ့

ဒီ ပန်းတောက
မုန်တိုင်းနဲ့ လေကြမ်းတွေ
အကြောင်းက လွှဲရင်

ဘာမှ မတွေးတတ်တော့ဘူးတဲ့လား။
ဘာနဲ့မှ မမွှေးပျံ့နိုင်တော့ဘူးတဲ့လား။

ဘယ်လောက်တောင်
ပြားပြားမှောက်ခဲ့ရ။

မွှေးပျံ့မှုတိုင်းဟာ
အထိတ်ထိတ် အလန့်လန့်

ငှက်ကျေးတို့
ပျော်ရွှင်သော တေးကို ဆိုနိုင်ပါစေ။

ပျားတို့
ဝတ်ရည် ခတ်ယူနိုင်ပါစေ။

ဒီပန်းတောက
အာရုံဦးအလင်းရောင်ထဲ အပွင့်အဖူးတွေ မြိုင်ပါစေ

လေက သူ့အတိုင်းလှုနိုင်ပါစေ။

နင့်အတွေးဟာ
ငါတို့ အနာဂတ်ပန်းတောပဲ။ ။

၁၉၊ အောက်တိုဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



## ငှါကဗျာ

ဟောဒီမှာ ငါ
ဒီမှာ ငါ ထိုင်တယ်
ပိုးစုန်းကြူးလေးတွေနဲ့
လရောင်ပါးပါး ညတွေထဲ
လမ်းလျှောက်တယ်

လေပြေလေညှင်းတွေက ငှါ့အဖော်
မှောင်မိုက်ညတွေမှာ
မအိပ်နိုင်တဲ့ ကဗျာဆရာ ငါပဲ

ငါစာဖတ်တယ်
လောကရဲ့ မကြားရတဲ့
ငြိမ်ဆိတ်မှုကို
ငှါ့ရင်ဘတ်နဲ့ တူးတယ်။

ပြီးတော့
ငှါ့ကဗျာ ဖတ်သူတွေကို
ငါကြားရတဲ့အတိုင်း ပြောပြတယ်။ ။

၆၊ မတ်၊ ၂၀၁၇။

mgyoe.com

mgyoe.com


# ငါ ပြောတယ်

ဒီကဗျာမှာ
မေတ္တာပန်းတွေ
ဒီခေတ်ကြီးမှာ ညှိုးနွမ်းနေတယ်ဆိုတာ ပါတယ်။

ဒီကဗျာမှာ ကျောင်းနဲ့ဝေးနေတဲ့
ကလေးတွေရဲ့
အနာဂတ် ပါတယ်။

ဒီကဗျာမှာ
ရွှေချထားရမယ့် မနက်စောစော သာယာတဲ့
ငှက်ကလေးတွေရဲ့ တေးသံပါတယ်။

ဒီကဗျာမှာ
တိမ်မည်းတွေ နောက်က လိုက်နေလို့
လူကြိုက်နည်းသူတစ်ယောက်ရဲ့
ကောင်းကင်ပျောက်နေတဲ့ ညတွေ ပါတယ်။

mgyoe.com

mgyoe.com



ဒီကဗျာမှာ
ကိုယ့်လူတွေအတွက်
ကော်ဖီစစ်စစ် တစ်အိုးနဲ့ မန္တလေးရမ် တစ်လုံးပါတယ်။

ဒီကဗျာမှာ
နိုင်ငံရေးကိုပြောနေပေမယ့်
လှလှပပ ဖုံးကွယ်ထားတဲ့
နမိတ်ပုံတွေ ပါတယ်။

ဒီကဗျာမှာ
ကဗျာဆရာရဲ့
အဋ္ဌုတ္တကို ကြည့်မှန်တစ်ချပ်လို
ထောင်ပြထားတယ်။

ဒီကဗျာဟာ
ကဗျာဖတ်သူ ကိုယ်တိုင်ရဲ့
ဝင်းလက်တဲ့ အနာဂတ်ဆီသွားတဲ့
တံခါးတစ်ချပ်လဲ ဖြစ်နိုင်ပါတယ်။ ။

၇၊ အောက်တိုဘာ၊ ၂၀၁၇၊

mgyoe.com

mgyoe.com

# ဒီနေ့ဟာ မနေ့က အတိုင်းသာ

သူ့ကိုယ်ပိုင် အစတွေ
အဆုံးတွေနဲ့ လူ့ဘဝကို
ငါတို့ ဘယ်တုန်းကမှ အပြည့်အစုံ နားမလည်
ခဲ့ကြဘူး။

အခုတော့
မနေ့ကအတိုင်းသာ
ကုက္ကိုပင်ပေါ်က ငှက်ကလေးများ
တစ်နေ့သုံးကြိမ် သီချင်းဆို မပျက်ခဲ့ပါ။

ဘတ်စ်ကားများ၊ ဒီညနေခင်းများ
နိုင်ငံရေးယဉ်ကျေးမှုများ
မေတ္တာနှင့် အမုန်းများ
ဆည်းဆာများ၊ တောင်ကြားနှင်းပန်းနံ့များ

အခုတော့ မနေ့ကအတိုင်းပါပဲ။ ။
၄၊ စက်တင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# ငါကိုယ်တိုင်တူးဖော်ခဲ့တဲ့ည

ငါးတွေရဲ့
အကြေးခွံတွေနဲ့
လုပ်ထားတဲ့ စန္ဒရားတစ်လုံးထဲ
ဒီည ငါ လူးလာခေါက်တုံ့ သွားလို့ပြန်လို့

အပြင်က တိမ်တွေဟာ
ပန်းရောင် ခရမ်းရောင်တွေနဲ့ လှလို့

စန္ဒရားကီးတွေ ညှိတော့
ငါ့ငယ်ဘဝ တောခွေးအူသံတွေ ထွက်လာတယ်။

အရောင်တွေ ရောစပ်နေတဲ့
စိတ်ကူးအတွေးတွေထဲက
ငါးတစ်ကောင်
တိမ်အရောင်တွေနဲ့ လက်လက်ထလို့။

နိုင်ငံရေးကဗျာတွေပဲ ရေးလာခဲ့သူ
လူကြိုက်များ ခေတ်ပေါ်ဘဝတွေနဲ့
လရောင်တွေထဲ
ငါဘယ်တော့မှ
စန္ဒရား မတီးတော့ဘူး။ ။

၂၊ ဧပြီ၊ ၂၀၁၈။

mgyoe.com

mgyoe.com

# ငါ့ ကဗျာ ဒီမှာဆုံးတယ်

ဒီမနက်ခင်း
ဘယ်က စရမတုံး။

ဖန်တီးမှုဆိုတာက
ရင်ထဲက လာတာပဲ။

အသစ်နဲ့အဟောင်းတွေ ကြားမှာ။
အချစ် အမုန်း ဒေါသ ဥပက္ခာ။

ဒီကဗျာမှာ စကားလုံးတွေ
ရွှေကျင်သလို ကျင်ထားပါတယ်။

ပန်းရောင်နှင်းဆီအလှနဲ့
မင်း ရောက်လာပြီကို။

ကျည်ဆန်ရထားတစ်စင်း
ဘူတာမှာ ဆိုက်ခဲ့သလို

ငါ့အတွေး ရပ်တန့်ခဲ့ပေါ့။ ။

၃၊ အောက်တိုဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# ငါတွေ့လိုက်တဲ့ ဆောင်း

ဆောင်းဟာ
နှင်းဇာပါးပါးဝတ်လို့

ရန်ကုန်မြို့ရဲ့
ဆင်ခြေဖုံး

ညညဆို ရောက်လာခဲ့ပြီ။

ခြေသံတွေကို
ညထဲက ပန်းရနံ့တွေနဲ့
ထုပ်လို့။

တစ်ချက်တစ်ချက်
ဘာမှန်းမသိ
ထထအူတဲ့ ခွေးတွေကြောင့်

ဆိတ်ငြိမ်ခြင်းဟာ
ထိတ်လန့်လို့။

အမှောင်ထဲ တိုးဝင်သွားတဲ့
စိမ်းပြာပြာ လရောင်တွေကို

မြို့စောင့်နတ်တွေက
လိုက်ကောက်လို့။

ဆောင်းဧည့်သည်ကို
နင် ဘယ်လိုမျက်နှာပြမလဲ။ ။

၂၁၊ ဒီဇင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# ငါ့ရင်ဘတ်ပေါ်ဖိတ်ကျနေတဲ့လရောင်တွေ

ကိုယ်တုံးလုံး လက
ငှက်ကလေးတွေရဲ့
တေးသံမပါ
ငါ့ရင်ထဲ
အဓိပ္ပာယ်တွေနဲ့
ပန်းတခင်း စိုက်ခဲ့တယ်

အခုတော့
ငါဟာ
လရောင်တွေ
ဝိုင်းကာထားတဲ့
တောင်ကုန်းတစ်ကုန်းပါ

ငါ့လို
နင်လည်း လရောင်တွေ
ဝိုင်းကာထားတဲ့
တောင်ကုန်း တစ်ကုန်းပါ။

mgyoe.com

mgyoe.com



ငါ့လို
နင်လည်း
လရောင်တွေ
ချိုးနိုင်ပါတယ်။

အတွေးတွေက
ငါ့ရင်ကို
သံမှိုနှက်ထားတယ်
မိန်းမတွေ မပါဘူး
သောက်ဖို့ဝိုင်
မပါဘူး။

တစ်စုံတရာတွေ မပါဘူး။

အခုတော့
ငါဟာ
လရောင်တွေ
သောက်နေတဲ့
ချောင်းငယ်လေးတစ်စင်းပါ။

စီးဆင်းနေတဲ့
လရောင်တွေကို
နင်လည်း သောက်နိုင်ပါတယ်။ ။

၁၆၊ ဇန်နဝါရီ၊ ၂၀၁၈၊

mgyoe.com

mgyoe.com


# ငါမဟုတ်

ရုပ်ဟာ
ငါမဟုတ်ဘူး
နာမ်ဟာလည်း
ငါမဟုတ်ဘူး
ငါဟာလည်း
သင်မဟုတ်ဘူးပဲ

နတ္ထိကလာ နတ္ထိဆီ ပြန်သွားတာပဲ။

နတ္ထိဟာ နတ္ထိပဲ။

အတ္တ မဟုတ်ဘူး
အနတ္တ။
၂၈၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# ပင်လယ်လှိုင်းတွေ သယ်လာတဲ့သတင်း

အရာရာ
အဟောင်းပုံကြီးထဲ

ငါတို့ အသစ်တွေ ဆာလောင်နေတယ်။

ဒီည
လပြည့်ညဟာ

စကားလုံးအဟောင်းတွေလို
မကြာခင် ဟောင်းသွားတော့မယ်။

မျှော်လင့်ချက်အသစ်
ဒုက္ခအသစ်တွေထဲ

ဆာလောင်သံ
အသစ်တွေ ပျော်ပါးလို့။

တိုးတိုးတိတ်တိတ် ကြွေနေတဲ့ ပန်းကလေးတွေ
နောက်ထပ် လပြည့်ညတွေ စောင့်ရင်း

စန္ဒရားအဟောင်း တစ်လုံးစာအတွက်
နေရာသစ် ရှာနေတယ်။ ။

၂၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# ဒီမြို့

မနက် ခုနစ်နာရီ
မထိုးသေးဘူး။

ဒီမြို့မှာ
လမ်းတွေကားတွေ ပိတ်ကုန်ပြီ။

ဖုန်လုံးတွေ
တိမ်လို အုံ့မှိုင်းလွင့်မျောလို့

မရှေ့သောခရီးကို
သွားကြလို့

ဒီတိုင်းပြည်မှာ
နှစ်ငါးဆယ်ကျော်ကြာပေါ့။ ။

၁၅၊ ဩဂုတ်၊ ၂၀၁၇။

mgyoe.com

mgyoe.com



## ဒီကဗျာမှာ ငါ ဘာမှ အများကြီး မပြောဘူး

အနာဂတ် ထောင့်ထဲက
ထွက်လာတဲ့ပြီး
အိပ်မက်ထဲ ပြေးဝင်လာတဲ့
အိပ်မက်ဟာ
အဝတ်ဗလာနဲ့။

ငါတို့ ဒီအိပ်မက်ကို
အစိမ်းပုပ်ရောင်
နတ်ဆိုးတွေရဲ့
လက်ထဲက ပြန်တိုက်
ယူခဲ့ရတာ။

နှစ်တွေနှစ်တွေ
မနည်းမနော။

ငါ့ပတ်ဝန်းကျင်မှာ
တစ်ဘဝလုံး
တစ်မိသားစုလုံး
ကျဆုံးသွားသူတွေ
မနည်းမနော။

mgyoe.com

mgyoe.com


ရှင်ကျန်သူတချို့
ငွေရောင် မဟုတ်တဲ့
ငွေပင်ရိပ်မှာ
သာယာလို့

ရှင်ကျန်သူတွေ
မနည်းမနော

ကန္တာရထဲ
ရေ ရှာလို့။

တချို့တချို့
မျှားရာစုကြီး

ကန္တာရထဲ
ဂျုံလိုလို
စပါးလိုလို
စိုက်လို့။ ။

၂၁၊ ဒီဇင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



## စိတ်ငါးတွေ

ငါ့စိတ်ပင်လယ်ထဲ

ငါ့အတ္တတွေ
တလက်လက်
ငါးအုပ်တွေလို
ကူးခတ်ကြတဲ့အခါ

စိတ်ရေပြင်
နောက်သွားတယ်။ ။
၂၀၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com